တရားသေသသမား သူ့သူငယ်ချင်းအရင်း ခေါက်ခေါက်၏ မိခင်ကြီး ဆုံးပါးသွားသည်တွင် သူအခက်ကြုံလေတော့၏။ သူအခက်အခဲကို ဖြေရှင်းနိုင်ရန် လူမှုရေးကိစ္စများမှာ များစွာ ကျွမ်းကျင်လိမ္မာသည့် အဒေါ်ထံသွား၍ အကြံကောင်းဉာဏ်ကောင်း တောင်းရတော့၏။ အကြံကောင်းဉာဏ်ကောင်းများ ရလေမှ သူ အသုဘအိမ်သို့ ခပ်ရဲရဲသွား၏။ ရောက်သည်နှင့် သူ့အဒေါ် ပြောလိုက်သည့်အတိုင်း "တကယ့်ဆုံးရှုံးမှုကြီးပါ သူငယ်ချင်း၊ အမှန်တော့ မင့် မိခင်ကြီးဟာ မင်းတစ်ယောက်တည်းရဲ့ မိခင်မဟုတ်ပါဘူးကွာ၊ ငါတို့အသိုက်အဝန်းအားလုံးရဲ့ မိခင်ကြီးလည်း ဖြစ်ပါတယ်" လို့ ကြေကွဲဟန်ဖြင့် ပြောပြလိုက်ရာ အားလုံးက သူ့အား ကြိတ်ချီးကျူးလိုက်ကြ၏။

နောက်ပိုင်း သိပ်မကြာခင်မှာ သူ့တခြား သူငယ်ချင်းတစ်ယောက်၏ မိန်းမဆုံးပြန်သည်။ အဲ... ဒီတစ်ခါတော့ ဖျဉ်းဖိုး နားလည်သွားပြီမို့နဲ့ အဒေါ်အားမကိုးတော့။ အသုဘအိမ်သို့ တန်းလာခဲ့၏။ ရောက်သည်နှင့် ကြေကွဲဟန်ဖြင့် ပြောလိုက်ပုံက –

"တကယ့်ဆုံးရှုံးမှုကြီးပါ သူငယ်ချင်း၊ အမှန်တော့ မင့်မိန်းမဟာ မင်းတစ်ယောက်တည်းရဲ့ မိန်းမ မဟုတ်ပါဘူးကွာ၊ ငါတို့အသိုင်းအဝိုင်းအားလုံးရဲ့ မိန်းမလည်း ဖြစ်ပါတယ်" ဟူ၏။ ။

